# ဝက်ခြံရောင်းစရာ မရှိတော့ပါ



unicef

# အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံရလေ့ရှိတဲ့ အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဖတ်လမ်းဖြစ်အောင်ပြုစုထားပါတယ်။

ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လဲ မေတ္တာရပ်ခံပါတယ်။

လူငယ်များဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဖတ်လမ်းကို သေသေချာချာ ဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာပြန်လည်ပြီး လက်တွေ့အသုံးပြုပါ။


အခက်အခဲပြဿနာတွေကို လူငယ်တို့ ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ် အကူအညီ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။


ဟင်းရွက်စုံရှင်၊
ဟောဒီမှာဟင်းရွက်စုံရမယ်......
“ဟေ့ ဝက်ခြံသည်မ”
“ဟေး ရုပ်ဆိုးမ”
“နင် ဟင်းရွက်မရောင်းနဲ့၊
ဝက်ခြံတွေသာရောင်း၊ ပိုရောင်းရမယ်”
“ဟောဒီမှာ ဝက်ခြံသည်မလာပြီ
ဖောက်သည်တို့ရေ၊ ဝက်ခြံတွေ
ဈေးပေါပေါနဲ့ရမယ်၊ စိတ် တိုင်းကျ
ဝယ်ထားကြနော်လို့ပြင်အော်ဟဲ့”


"ဟေ့ ဝက်ခြံတွေရမယ် ... ဝက်ခြံသည်မ ဝက်ခြံသည်မ ဝက်ခြံသည်မ"
သူငယ်ချင်းတွေက အားရပါးရ အော်ဟစ်ပြောင်လှောင်ပြီး ထွက်ပြေးသွားကြတယ်။ ဝမ်းနည်းလွန်းလို့ သက်သက်မိုး ရှိုက်ကြီးတငင် ငိုပြီး အိမ်ကိုပြန်လာခဲ့မိတယ်။ ဈေးလည်း ဆက်မရောင်းတော့ဘူး။


အကျည်းတန်မျက်နာမို့ မှန်တောင် မကြည့်ရဲတော့ဘူး။ စိတ်မပျော်တိုင်း ဟိုတွေး ဒီတွေး တွေးနေမိတယ်။
"စိတ်ညစ်လိုက်တာနော်၊
ဒီဝက်ခြံတွေကြောင့် ဒီနေ့
ဈေးရောင်းပျက်ပြီး အမြတ်မရ
တဲ့အပြင် အရင်းပါပြုတ်တော့မယ်"
"ငါ့သူငယ်ချင်းတွေမှာတော့
အလှ ကိုယ်စီနဲ့၊ ဝက်ခြံမပေါက်ကြဘူး၊
ငါကတော့ ကံဆိုးပြီး
ဝက်ခြံ ထူလဗျစ်နဲ့"


စိတ်ညစ်တာအပြင် ဒေါသပါ ထွက်လာတော့ ဝက်ခြံတွေကို အားရပါးရကုတ်ပြီး ညစ်ပစ်လိုက်တယ်။
"ကဲဟယ် ဒီလောက်တောင် မျက်နှာလုံးပြည့် ပေါက်ပြီး ငါ့ကို နှိပ်စက်ချင်ကြဦး၊ သတ္တိရှိရင် ထပ်ပေါက်ကြည့်၊ အားလုံးကို ဓါးနဲ့လှီးပစ်မယ်"
အသားနာ၊ သွေးထွက်တာကိုတောင် သတိမမူမိတော့ဘူး။ နာကျင်ပြီး သွေးတွေ ထွက်လာတာတောင် သတိမထားမိတော့ဘူး။


နောက်တစ်နေ့ အိပ်ရာထချိန်မှာ သက်သက်မိုးရဲ့မျက်နှာဟာ ရောင်ရမ်းနေတယ်။
“အမေ၊ သမီး ဝက်ခြံတွေ ပိုကြီးလာပြီး မျက်နှာတစ်ခုလုံး
လည်း ရောင်နေတယ်၊ ဈေးရောင်းမသွားနိုင်တော့ဘူး၊
ဒုက္ခ ပါပဲ အမေရယ်၊
သူငယ်ချင်းတွေပြောသလို ‘ရုပ်ဆိုးမ’ ဖြစ်တော့မယ်”
“စိတ်မပူပါနဲ့ သမီးရယ်၊ အချိန်တန်ရင်
သူ့အလိုလို ပျောက်သွားမှာပါ၊ အမေ
ငယ်ငယ်တုန်း ကလည်း ဒီလိုဖြစ်ဖူးပါတယ်”


အမေ အားပေးပေမဲ့ ကျေနပ်နှစ်သိမ့်မှု မရခဲ့တဲ့အတွက် သူငယ်ချင်း မိမော်ကို သွားမေးမိ တယ်။
“““မိမော်ရေ၊ ဝက်ခြံတွေကြောင့် ငါစိတ်ညစ်တယ်၊ အားလည်းငယ်တယ်၊ ဘာလုပ်ရင်ကောင်း မလဲ”””
“““အင်းဟယ် ငါလည်း သေသေချာချာ မပြောတတ်ဘူး၊ ငါ့အစ်မတစ်ယောက်တော့ရှိတယ်၊ သူက ကျန်းမာရေး သင်တန်းတွေ တက်ထားတယ်၊ သွားမေးကြရအောင်”””
“““အေး ဒါဆို သွားကြစို့လေ”””




“““မမရေ၊ မမ”””
“““မိမော်တို့ပါလား၊ လာကြ လာကြ။ ဘာကိစ္စရှိလို့လဲ”””


""ဒီလို မမရေ၊ ညီမသူငယ်ချင်း သက်သက် ဝက်ခြံတွေ အများကြီးပေါက်နေတယ်လေ၊အဲဒါဘာကြောင့်လဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာပြောပြပါဦး""
""ဒီလိုကွဲ့ အခု ညီမတို့ အရွယ်ရောက်လာပြီလေ၊ကိုယ်ရောစိတ်ပါ ပြောင်းလဲလာပြီး ဟော်မုန်းတွေကြောင့် မျက်နှာမှာ အဆီတွေ ပိုပြန် လာတယ်။ ဝက်ခြံအစက်တွေ၊ အဖြူရောင် အဖုကလေးတွေ ဖြစ်လာတယ်၊ ဒါဟာ အပျို ပန်းပွင့်ချိန် သဘာဝဖြစ်လို့မစိုးရိမ်ပါနဲ့""
ကျွန်မ မျက်နှာ နီရဲရောင်ရမ်း နေတာကရော မမ"""" ကျွန်မ ဘာလုပ်ရပါ့မလဲ""


""အဖုတွေကို အရမ်းညှစ်လိုက်လို့ အရေပြားပေါက်ပြဲသွားတာ၊ ဒါကြောင့် ရောဂါပိုးတွေ ပျံ့နှံ့သွားပြီး ရောင်လာတာပါ""
"ရေနွေးနဲ့ အမွှေးနံ့မပါတဲ့ ပိုးသတ်ဆပ်ပြာ ပျော့ပျော့လေးသုံးပြီး မျက်နှာသစ်ပါ၊ ချွေးပေါက်၊ အဆီပေါက်တွေ အမြဲပွင့်နေစေရမယ်၊ ဆပ်ပြာကြမ်းက အဆီကို အလွန်အမင်း ခန်းခြောက်စေပြီး၊ အမွှေးနံ့ကလည်း အရေပြားကို ခန်းခြောက်စေတယ်ကွယ့်။
"ပြီးတော့ လက်ကိုလည်း မကြာခဏ စနစ်တကျ ဆေးပါ၊
အစားအသောက် မျှမျှတတ စားပါ၊ ဟင်းသီးဟင်းရွက် ပိုစားနိုင်ရင် အကောင်းဆုံးပေါ့၊


တစ်ပတ်မှာ အနည်းဆုံး
နှစ်ကြိမ်ခေါင်းလျှော်ပါ၊
နေပူထဲထွက်ရင် လည်း
ထီးဆောင်းရမယ်နော်
""ကျေးဇူးတင်ပါတယ်မမ၊
အခုမှပဲ စိတ်ပျော်သွားတော့တယ်၊
သမီး စိတ်မပူတော့ဘူး၊
မျက်နှာကိုလည်း သန့်သန့်ရှင်းရှင်း
ထားတော့မယ်""


သက်သက်မိုးဟာ မျက်နှာက
ဝက်ခြံတွေကို လက်နဲ့ မညှစ်
တော့ဘူး၊ မျက်နှာကို လည်း
နေ့တိုင်း ဂရုတစိုက်သစ်တယ်။
မျက်နှာက တဖြည်းဖြည်း အရောင်
ကျလာပြီး ဝက်ခြံတွေလည်း
နည်းသွားတယ်။
သူဟာ အရင်လို စိတ်မညစ်တော့ဘဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်
ရွှင်ရွှင်နေတတ်လာတယ်၊ ဈေးရောင်းပြီး မိသားစုကို ကူညီပေးနေပြီ။
ဟင်းရွက်ခုံရှင်၊
ဟောဒီမှာ ဟင်းရွက်ခုံရမယ်......


"ဟိုမှာ ဝက်ခြံမ၊ ဝက်ခြံတွေ နည်းသွားပြီး အရမ်းလှနေတယ် တွေ့လား၊ ငါတို့မှာတော့ ဝက်ခြံ တွေနဲ့၊ ငါတို့ကိုတွေ့ရင် ရှောင်တော့မှာ ပုန်းနေဦးမှ၊ ပုန်းနေ"
"နင်တို့ ပုန်းနေတာ ငါတွေ့တယ်၊ ပုန်းစရာမလိုပါဘူး၊ ငါတို့အရွယ်မှာ လူတိုင်း ဝက်ခြံ တွေ ပေါက်ကြတာ သဘာဝပါပဲ"
"ဝက်ခြံတွေ သက်သာအောင် ဘယ်လို လုပ်ရမယ်ဆိုတာ ငါပြောပြမယ်၊ ငါပြောပြတဲ့ အတိုင်းလိုက်လုပ်ရင် ငါ့လိုပဲ သက်သာလာမှာ၊ ရှက်စရာ မလိုတော့ဘူးပေါ့"
"အေးဟယ်နော် ဝက်ခြံမ . . . . . အဲလေ မိသက်၊ ငါတို့မသိလို့ နင့်ကို ရှောင်ခဲ့မိတာ စိတ်မဆိုးနဲ့ နော်၊ ငါတို့ကိုလည်း နင်သိတာ ပြောပြ ငါတို့နားထောင်မယ်"
"အေးပါဟာ"
အခုတော့ သက်သက်က လှပနေပါပြီ။ ဝက်ခြံရောင်းစရာ မရှိတော့ပါ။
ပြီး




# ဝက်ခြံရောင်းစရာ မရှိတော့ပါ



၁။ ဆယ်ကျော်သက်ရွယ်လူငယ်တွေ ဘာကြောင့်ဝက်ခြံပေါက်ကြတာလဲ။

၂။ ဝက်ခြံပေါက်ချိန်တွင် ဘယ်လိုသန့်ရှင်းစွာနေထိုင်စားသောက်ရမလဲ။



၃။ ဝက်ခြံဖုတွေကို လက်နဲ့ညစ်လိုက်တော့ဘာတွေဖြစ်သွားသလဲ။

# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည်လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့ UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်း အစီအစဉ်(EXCEL) တွင်ပါဝင်သောကလေးများကိုယ်တိုင်ပါဝင်ပြီး Mr.GregoryCarl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ်အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပမူလတန်းပညာရေး စသည်တို့မှပံ့ပိုးကူညီမှုဖြင့် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်နိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊နန့်ဥမ္မာထွေး(မြောင်းမြ)၊နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ



သရုပ်ဖော်ပန်းချီ.... ဆရာလေး

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid from the British people
unicef unite for children